
စိတ်ကူးချိုချိုအနုပညာ

# ဇော်ဂျီ

# ရှေးခေတ်ပုဂံကဗျာများ နှင့် အခြားကဗျာများ



ဒုတိယအကြိမ်

mgyoe.com

ထိုညနေချမ်း
တစ်ဖက်ကမ်းက၊ တောင်တန်းခံ့ခံ့
'တန့်ကြည့်'ပေါ်တွင်၊ နေမေးတင်သည့်
နေဝင်သာယာ၊ နီရွှေဝါနှင့်
ညီလာခံကြိုက်၊ စံပျော်ခိုက်တွင်
သုတ်လိုက်သုတ်လိုက်၊ အုပ်လိုက်စီရရီ
'တုရင်'ဆီသို့ ညီညာပျံသန်း
အိပ်တန်းပျံကြ၊ တောကျီးအ တို့
တစ်မ မက၊ လေးငါးမကို
မြင်ရသည်တွင်
ငေးချင်စရာ၊ ညီဆိုပါသည်
သဘာဝအလှ ပုဂံမှ။
ရှေးခေတ်ကလည်း ထိုသဘာဝ။
ယခုခေတ်လည်း ထိုသဘာဝ။
ဖြစ်နိုင်မည်ပါ့ ဖြစ်မည်ပ။ ။

mgyoe.com

ZG0004
2,500.00 KS

mgyoe.com

စာမူစွင့်ပြုချက် ၂၃/၂၀၀၃(၅)

မျက်နှာဖုံးခွင့်ပြုချက် ၁၄/၂၀၀၄ (၅)

မျက်နှာဖုံး ကျော်ဖြူစံ

စာအုပ်ချုပ် ကိုမြင့်

ပုံနှိပ်သူ ဦးထွန်းထွန်းဦး
အင်ကြင်းဦးပုံနှိပ်တိုက်
ကျွန်းတောလမ်း၊ ရန်ကုန်။

ထုတ်ဝေသူ ဦးထွန်းထွန်းဦး
နင်းဦးလွင်စာပေ
ပြည်လမ်း၊ ကမာရွတ်
ရန်ကုန်။

ပုံနှိပ်ခြင်း ဒုတိယအကြိမ်

အုပ်ရေ ၅၀၀

ထုတ်ဝေသည့်ကာလ ဩဂုတ်လ၊ ၂၀၀၄

တန်ဖိုး ၂၅၀၀ ကျပ်



mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | နိဒါန်း | ၉ |
| ၁။ | သဘာဝအလှပုဂံမှ | ၁၅ |
| ၂။ | ကျွဲနားတောင်းပုထိုးမှာ | ၁၇ |
| ၃။ | လောကနန္ဒာ ဆိပ်ကမ်းမှာ | ၂၀ |
| ၄။ | ရွှေစည်းခုံက ပွဲတော်လ | ၂၅ |
| ၅။ | သရပါတံခါးမှ ပွဲတင်သံ | ၂၈ |
| ၆။ | လက်ရုံးအားနှင့် နှလုံးအား | ၃၂ |
| ၇။ | ကျန်စစ်သား၏နှလုံးလှ | ၃၇ |
| ၈။ | ကျန်စစ်သား၏ပုပ္ပားကတိ | ၄၁ |
| ၉။ | အာနန္ဒာမှ ပြောစရာအလှ | ၄၅ |
| ၁၀။ | အပယ်ရတနာဘုရားမှာ လွမ်းစရာ | ၄၈ |
| ၁၁။ | အပယ်ရတနာဘုရားမှာ အံ့စရာ | ၅၁ |
| ၁၂။ | ပုဂံခေတ်က မြေးအဘိုး | ၅၆ |
| ၁၃။ | သား၏မေတ္တာ ဖမှာ ပီတိ | ၆၀ |
| ၁၄။ | နန်းဘုရားမှာ လွမ်းစရာ | ၆၄ |


စိတ်ကူးချိုချို

mgyoe.com

mgyoe.com


၁၅။ အလောင်းစည်သူမင်း၏နောင်တ ၆၈
၁၆။ ရွှေဂူကြီးမှ ဆုတောင်းသံ ၇၂
၁၇။ သဗ္ဗညုမှာ တွေးစရာ ၇၆
၁၈။ ကျောက်ဥမင်အပြန်တွင် ၇၉
၁၉။ ပုဂံခေတ်က ဆပဒ ၈၂
၂၀။ နန္ဒမညာ ပန်လက်ရာ ၈၆
၂၁။ အမတ်ကြီး သိင်္ဃသူ၏ဆုတောင်း ၉၀
၂၂။ အမတ်အနန္တသူမောင်နှံ၏
ကောင်းမှုသဘော(ပ) ၉၃
၂၃။ အမတ်အနန္တသူမောင်နှံ၏
ကောင်းမှုသဘော (ဒု) ၉၇
၂၄။ လက်ပွတ်ကန် ဘုရားရှိခိုး ၁၀၂
၂၅။ အစောလတ်၏ ကရုဏာဒါန ၁၀၆
၂၆။ ဘုရားအမ ဖွားစော၏သံဝေဂ ၁၁၀
၂၇။ အာမနာကျောင်းအမ၏ ဆုတောင်း ၁၁၄
၂၈။ အရိုးတော် ဘွားစော၏ဆုတောင်း ၁၁၈
၂၉။ သူတို့ဆန္ဒ သူတို့ဆုတောင်း ၁၂၂
၃၀။ ပုဂံခေတ်က သမီးနှင့်အဖ ၁၂၅
၃၁။ ရှင်ဒိသာပါမောက်နှင့် ကူဗလိုင်ခန် ၁၂၉
၃၂။ ကျန်စစ်သား ဥမင် ပန်းချီတွင် ၁၃၄
၃၃။ ပုဂံခေတ်မှ ပင်းယခေတ်သို့ ၁၃၇
၃၄။ မဟော်သဓာ ဇရပ် ၁၄၂
၃၅။ မဟော်သဓာ၏ ကရုဏာ ၁၄၄
၃၆။ မဟော်သဓာ၏ စေရာပတ္တမြား ၁၄၉




mgyoe.com

mgyoe.com


၃၇။ မဟော်သဓာ၏မေတ္တာ ၁၅၅
၃၈။ အမရာဒေဝီ၏နှလုံးရည် ၁၆၀
၃၉။ လွမ်းစရာ့အမရာ ၁၆၆
၄၀။ မဟော်သဓာ၏ဥပါယ်စကား ၁၇၀
၄၁။ စူဠနီဗြဟ္မဒတ်၏နှလုံးရည် ၁၇၄
၄၂။ ရာဇာဓိရာဇ်နှင့် အမတ်ဒိန်မဏိရွှတ် ၁၇၉
၄၃။ သမိန်ပရမ်း၏ ဇာနည်စိတ်ထား ၁၈၃
၄၄။ အင်းဝဟံသာဝတီခေတ်က
မင်းနှစ်ပါး၏ နောင်တ ၁၈၈
၄၅။ ကြံဖြူပြသနာ ၁၉၂
၄၆။ ပုဏ္ဏက၏မနောဟာရပတ္တမြား ၁၉၈
၄၇။ ဟနုမန်၏မြမျက်ရည် ၂၀၂
၄၈။ ဇော်ဂျီနှင့် ရှိန်းဆာယာ ၂၀၆
၄၉။ စမ်းကြည့်ဖို့ပဲ ၂၀၇
၅၀။ တစ်လှည့်စီ စုန်ဆန်မြဲ(ဗေဒါလမ်း–၄၁) ၂၀၈
– ဇော်ဂျီအတ္ထုပ္ပတ္တိအကျဉ်း ၂၁၁




mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# နိဒါန်း

ဤစာအုပ်၏အမည်ဖြစ်သော "ရှေးခေတ်ပုဂံကဗျာများနှင့် အခြားကဗျာများ"တွင် အခြားကဗျာများသည် အင်းဝဟံသာဝတီခေတ်ဆိုင်ရာ ကဗျာများ၊ မဟော်သဓာဝတ္ထု၊ ဝိဓူရဝတ္ထုဆိုင်ရာ ကဗျာများဖြစ်ကြသည်။ ထို့ပြင် မဏိရတနာပုံကျမ်းဆိုင်ရာ ကဗျာတစ်ပုဒ်၊ မြန်မာ ရာမဇာတ်ဆိုင်ရာ ကဗျာတစ်ပုဒ်၊ ဒွေးချိုးနှစ်ပုဒ်၊ လေးဆစ်တစ်ပုဒ်၊ ဗေဒါလမ်း (အမှတ် ၄၁) တစ်ပုဒ်တို့ ဖြစ်ကြပါသည်။

ခေတ်ဆိုင်ရာ ကဗျာများသည် ရာဇဝင်အဖြစ်အပျက်တစ်ခုခုအကြောင်းကိုသော်လည်းကောင်း၊ မင်း မှူးမတ်တစ်ဦးဦးအကြောင်းကိုသော်လည်းကောင်း၊ ကျောက်စာမင်စာ၏အဆိုအမိန့်တစ်ခုခုအကြောင်းကိုသော်လည်းကောင်း၊ ဘုရားတည် ကျောင်းဆောက် လှူဒါန်း၍ တောင်းခဲ့သောဆု တစ်ခုခုအကြောင်းကိုသော်လည်းကောင်း၊ ပုဂံခေတ်



mgyoe.com

mgyoe.com



ဗိသုကာလက်ရာနှင့် အနုပညာလက်ရာတစ်ခုခုအကြောင်းကိုသော်လည်းကောင်း နောက်ခံပြု၍ ဖွဲ့ဆိုသော ကဗျာများဖြစ်ကြပါသည်။ နောက်ခံပြုသော အကြောင်းအရာတို့သည် အများအားဖြင့် ကဗျာများ၌ပါပြီးသားဖြစ်ကြပါသည်။

ကဗျာအမှတ် ၁ မှ ၁၇ အထိ ကဗျာများတွင် အနော်ရထာမင်းလက်ထက်၊ ကျန်စစ်သားမင်းလက်ထက်၊ အလောင်းစည်သူမင်းလက်ထက်တို့မှ အဖြစ်အပျက်တစ်ခုခုကို ဖွဲ့ဆိုထားပါသည်။ ကဗျာအမှတ် ၁၈ မှ ၂၁ အထိ ကဗျာများတွင် နရပတိစည်သူမင်းလက်ထက်မှ အဖြစ်အပျက်တစ်ခုခုကို ဖွဲ့ဆိုထားပါသည်။ ကဗျာ အမှတ် ၂၂၊ ၂၃ ကဗျာများတွင် ထီးလိုမင်းလိုမင်း လက်ထက်က အဖြစ်အပျက် တစ်ခုခုကို ဖွဲ့ဆိုထားပါသည်။ ကဗျာအမှတ် ၂၄ ကဗျာတွင် ကျစွာမင်း လက်ထက်က အဖြစ်အပျက်ကို ဖွဲ့ဆိုထားပါသည်။ ဖြစ်ပျက်ရာအရပ်များသည် ပုဂံ၊ ညောင်ဦး၊ မြင်းကပါ၊ သီရိပစ္စယာ၊ အနောက်ဖွားစောရွာတို့ ဖြစ်ကြပါသည်။ ကဗျာအမှတ် ၂၅ မှ ၃၃ အထိ ကဗျာများတွင် နရသီဟပတေ့ (တရုတ်ပြေးမင်း)လက်ထက်က အဖြစ်အပျက်များကို ဖွဲ့ဆိုထားပါသည်။ ဖြစ်ပျက်ရာအရပ်များသည် ပုဂံ၊ အနောက်ဖွားစောရွာ၊ မင်းနန်သူရွာတို့ဖြစ်ကြပါသည်။

ကဗျာအမှတ် ၃၄ မှ ၄၁ ထိ ကဗျာများတွင် မဟော်သဓာဝတ္ထုမှ အဖြစ်အပျက်များကို ဖွဲ့ဆိုထားပါသည်။ အမှတ် ၄၂၊ ၄၃၊ ၄၄၊ ၄၅ ကဗျာများတွင် အင်း၀



mgyoe.com

mgyoe.com



ဟံသာဝတီခေတ်က အဖြစ်အပျက်များကို ဖွဲ့ဆိုထားပါသည်။ ကဗျာအမှတ် ၄၆ ကဗျာတွင် ဝိဍူရဝတ္ထုမှ အဖြစ်အပျက်ကို ဖွဲ့ဆိုထားပါသည်။ ကဗျာအမှတ် ၄၇ ကဗျာတွင် မြန်မာရာမဇာတ်မှ အဖြစ်အပျက်ကို ဖွဲ့ဆိုထားပါသည်။ ကဗျာအမှတ် ၄၈ ကဗျာတွင် ဇော်ဂျီရုပ်နှင့် ရှိန်းဆာယာအကြောင်း ဖွဲ့ဆိုထားပါသည်။ ကဗျာအမှတ် ၄၉ တွင် သတိရှိသင့်ကြောင်း ဖွဲ့ဆိုထ. ပါသည်။ ကဗျာအမှတ် ၅၀ တွင် ဗေဒါလမ်းအကြောင်း ဖွဲ့ဆိုထားပါသည်။

ဖွဲ့ဆိုသောအခါ ခံစားမှုအသိတစ်ခုခုမှ ဖြစ်ပေါ်လာသော ချီးကျူးစရာ၊ ဝမ်းမြောက်စရာ၊ ကရုဏာဖြစ်စရာ၊ အံ့သြစရာ၊ ကြည်နူးစရာ၊ ပြုံးချင်စရာ၊ တွေးတောစရာ တစ်ခုခုသည် ရသနှစ်သက်ခြင်းနှင့်အတူတကွ ပါလာအောင် အားထုတ်ထားသည်ကို တွေ့နိုင်ပါသည်။ ထို့ကြောင့် ထိုကဗျာများ၏အသက်သည် ရာဇဝင် အဖြစ်အပျက်အကြောင်းမဟုတ်။ ရာဇဝင်အဖြစ်အပျက် အကြောင်းနှင့် ထိတွေ့သဖြင့် ဖြစ်ပေါ်လာသော ခံစားမှုအသိ ဖြစ်သည်ဟု ဆိုချင်ပါသည်။ ဒိဋ္ဌလောက အတွေ့အကြုံနှင့် ထိတွေ့သဖြင့် ဖြစ်ပေါ်လာတတ်သော ခံစားမှု အသိမျိုး ဖြစ်ပါသည်။

ဖွဲ့ဆိုပုံအကြောင်းကို ဆိုပါဦးမည်။ ဖွဲ့ဆိုပုံတွင် ညီဖြစ်သူ ဇာတ်ဆောင်နှင့် အစ်ကိုဖြစ်သူဇာတ်ဆောင်နှစ်ဦးကို ဖန်တီးထားပါသည်။ ရှေးဦးစွာ ညီဖြစ်သူက ပုဂံတစ်ဝိုက်၌ လှည့်လည်ရင်း သူမြင်ခဲ့၊ ကြားခဲ့၊သိခဲ့၊ ဖတ်ခဲ့သည်တို့နှင့်



mgyoe.com

mgyoe.com



စပ်လျဉ်း၍ သူ့စေတနာကို (ဝါ)သူ့အာဘော်ကို အစဖော်ပေးဟန် တင်ပြပါသည်။ ထိုအခါ အစ်ကိုဖြစ်သူက ထိုစေတနာကို (ဝါ) ထိုအာဘော်ကို အရှင်းခိုင်းဟန် တင်ပြပါသည်။ ထိုနောက် ညီဖြစ်သူက ရှင်းတန်ရှင်း၍ ချဲ့တန်ချဲ့ဟန် တင်ပြပါသည်။ ထိုနည်းဖြင့် သရုပ်ဖော်သွားသည်ကို တွေ့နိုင်ပါသည်။ သာဓကမှာ 'သဘာဝအလှပုဂံမှ'ကဗျာတွင် ပုဂံအရှေ့တောင်ဘက်ရှိ တုရင်တောင်၏အလှ၊ ဧရာဝတီ အနောက်ဘက်ကမ်းရှိ တန့်ကြည့်တောင်၏အလှတို့သည် ရှေးခေတ်အတိုင်း ဖြစ်နိုင်ဟန် သရုပ်ဖော်ပါသည်။ 'ပုဂံခေတ်က မြေးအဘိုး' ကဗျာတွင် ခေတ်ပြောင်းသွားသဖြင့် အဘိုး၏အမြင်နှင့် မြေး၏အမြင်တို့ မတူနိုင်ကြဟန်ကို သရုပ်ဖော်ပါသည်။ 'အမတ်ကြီးသိဃ်သူ၏ဆုတောင်း'ကဗျာတွင် စည်ပြင်း ပဋ္ဌာဂ်တီးသံမှုတ်သံတို့ဖြင့် အိပ်ရာမှ နိုးရပါစေသားဟု လည်းကောင်း၊ မိမိ၏ရမ္မက်စိတ်ကို မိမိတော်လှန်နိုင်သည့်ကိုယ် ဖြစ်ရပါစေသားဟုလည်းကောင်း ဆုတောင်းဟန်ကို သရုပ်ဖော်ပါသည်။

ဤကဗျာစာအုပ် ဖြစ်မြောက်လာရေးအတွက် အကူအညီပေးခဲ့သော မင်းယုဝေကိုလည်းကောင်း၊ ကဗျာကော်ပီအလွတ်များကို လစဉ်ထုတ် ရှုမဝမဂ္ဂဇင်းတို့မှ ထုတ်ပေးခဲ့သော မဂ္ဂဇင်းအယ်ဒီတာချုပ် ကိုဆွေတင့်နှင့် ရှုမဝမဂ္ဂဇင်းတို့ကိုလည်းကောင်း၊ ဘဝတက္ကသိုလ်စာပေကိုလည်းကောင်း ကျေးဇူးတင်ပါသည်။ ရှုမဝ မဂ္ဂဇင်းများတွင် ကဗျာများနှင့်



mgyoe.com

mgyoe.com



ယှဉ်လျက်ဖော်ပြခဲ့ဖူးသော ပန်းချီရုပ်ပုံ အချို့ကို သုံးခွင့်ပြုသူ ပန်းချီကိုစိန်ကိုလည်း ကျေးဇူးတင်ပါသည်။ မျှာပုံ ပရဟိတ ကနိအသင်း၊ မျှာပုံ စာပေလုပ်သားမဂ္ဂဇင်း၊ ရတနာမွန် မဂ္ဂဇင်းတို့ကိုလည်း ကျေးဇူးတင်ပါသည်။ အားပေးကြသော မိတ်ဆွေများကိုလည်း ကျေးဇူးတင်ပါသည်။

ဇော်ဂျီ

ဩဂုတ်လ၊ ၁ ရက်နေ့၊ ၁၉၈၆။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ၁။ သဘာဝအလှ ပုဂံမှ

ညီသစ်ဆင်း
မင်းပုဂံရောက်၊ ဤတစ်ခေါက်တွင်
ဆောင်းပေါက်ခါစ၊ တန်ဆောင်လတည့်
မြူထုညနေ၊ မှိုင်းဝေဝေနှင့်
တောင်ခြေ 'တုရင်'၊ ညိုပြာဆင်တည့်
ကုရင်မြင့်ကျိုး၊ တောင်ကျောခိုင်းလျက်
တွဲဆိုင်းတည်ငြိမ်၊ တိမ်မကန်းကွက်
ကောင်းကင်ထက်ဝယ်၊ ပြက်ပြက်ထင်ထင်
မင်းမြင်ခဲ့ရာ၊ ငေးမိပါဟု
ဆိုလာမင်းက မင်းတမ်းတ။
သဘာဝအလှ ပုဂံမှ။

စိတ်ကူးချိုချို

mgyoe.com

mgyoe.com



ဟုတ်ကဲ့အစ်ကို၊ ညီထပ်ဆိုအုံ့
ထိုညနေချမ်း
တစ်ဖက်ကမ်းက၊ တောင်တန်းခုံခုံ
'တန့်ကြည့်'ပေါ်တွင်၊ နေမေးတင်သည့်
နေဝင်သာယာ၊ နီရွှေဝါနှင့်
ညီလာခံကြိုက်၊ စံပျော်ခိုက်တွင်
သုတ်လိုက်သုတ်လိုက်၊ အုပ်လိုက်စီရရီ
'တုရင်'ဆီသို့၊ ညီညာပျံသန်း
အိပ်တန်းပြန်ကြ၊ တောကျီးအ တို့
တစ်မ မက၊ လေးငါးမ ကို
မြင်ရသည်တွင်
ငေးချင်စရာ၊ ညီဆိုပါသည်
သဘာဝအလှ ပုဂံမှ။
ရှေးခေတ်ကလည်း ထိုသဘာဝ။
ယခုခေတ်လည်း ထိုသဘာဝ။
ဖြစ်နိုင်သည်ပဲ့ ဖြစ်မည်ပဲ့။ ။

ရှမဝ၊ ဇူလိုင်လ၊ ၁၉၈၄။



mgyoe.com

mgyoe.com

## ၂။ ကျွဲ နားတောင်း ပုထိုးမှာ

ညီသစ်ဆင်း
ရှုခင်းသာယာ၊ ပုဂံမှာတည့်
ပေါက္ကာ ရာမ၊ ရှေးကာလမှ
လှူကြတန်းကြ၊ တည်ကြများပြား
ဂူဘုရားနှင့်၊ ဘုရားစေတီ
စီရရီတို့
ဤမှာတစ်သိုက်၊ အစုလိုက်တည့်
ထို၌ပြန့်ကျဲ၊ ရှုမရဲတည့်
စိတ်ထဲစွဲကျန်၊ ကြည့်ချင်ပြန်သည်
ပုဂံမြို့က ကျွဲ နားတောင်းမှ။
အစ်ကိုမြင်ရ ပုဂံအလှ။

စိတ်ကူးချိုချို

mgyoe.com

mgyoe.com



ကျွဲနားတောင်းတွင်၊ ညီရောက်စဉ်က
ထီးတင်ထွတ်ကျိုး၊ ထိုပုထိုး၏
လုံအိုးသဏ္ဍာန်၊ အလုံးအဖန်၌
မွမ်းမံသုတ်လိမ်း၊ စဥ့်စိမ်းစိမ်းတည့်
ရှိမ်းရှိမ်းပပ၊ ပုထိုးမြသည်
မိုးကျရွှေကိုယ် ကြော့၏သို့။

ပုထိုးမြဝယ်
ညီလှကျောမှီ၊ ရှေ့မြောက်ဆီသို့
ရည်မျှော်လိုက်မိ၊ အဝေးကြည့်တွင်
မှုန်တိမှုန်မွှား၊ မပြတ်သားလည်း
မြင့်မားမိုးကြို၊ ဂူအိုအိုတည့်
‘ထီးလိုမင်းလို’၊ ထွတ်ကျပြိုလည်း
ကြည်ညိုစရာ၊ ဖူးတွေ့ပါသည်
စေတနာကြွ အားမာန်ရ။
ညီလှမ်းမြင်ရ ထီလိုအလှ။
ကျွဲဆီမှ ရှုခင်းပါ့။

ထိုမှတစ်လီ၊ ရှေ့တောင်ဆီသို့
ရည်မျှော်ဝေးလံ၊ ကြည့်မိပြန်၏
‘ရွှေဆံတော်’ဘုရား၊ ခုံမြင့်မားမှ
ငါးဆင့်တက်လာ၊ ပစ္စယာသည်
ညင်သာပါဘိ၊ ကြည်နူးမိ၏



mgyoe.com

mgyoe.com



ကြည့်တိုင်းစိတ်ဝယ်၊ လွန်သပ္ပာယ်သည်
သွယ်သွယ်လျလျ တက်ပုံက။
ညီလှမ်းမြင်ရ ဆံတော်အလှ။
ကျွဲဆိမှ ရှခင်းပါ့။

ကံကောင်းထောက်မ၊ ကျွဲလှဥ္ဒ
အဘခေါ်လေ့၊ ဘသိမ်မွေ့နှင့်
ညီ တွေ့ရာမှ၊ မေးခွင့်ရ၍
ဘလည်းမျှော်ငေး၊ ဘ အတွေးကို
မေးကြည့်မိရာ
ဘမျက်နှာသည်၊ ပြုံးလာဝင်းပ
ရှေးမဆွက၊ ဘဝသံသရာ
ဇာစ်ချိန်ခါဝယ်
သူ့မှာပုဂံသား၊ ဖြစ်ခဲ့သလားဟု
စကားထိုမျှ၊ ဟရုံဟ၏
အဘအငေး၊ ဘအတွေးတို့
ထွေးရောယှက်တင်၊ အသက်ဝင်လျက်
ယှက်တင်ထွေးရော၊ သဘောလိုလို
မျက်နှာချိုသည်
ဘအိုမြင်ရ ပုဂံအလှ။
ကျွဲဆိမှ ရှခင်းပါ့။ ။

ရွှမဝ၊ အောက်တိုဘာလ၊ ၁၉၈၅။



mgyoe.com

mgyoe.com

## ၃။ လောကနန္ဒာ ဆိပ်ကမ်းမှာ

ညီသစ်ဆင်း
ပြည့်လင်းရော၊ ဆိပ်ကမ်းသာသို့
ငါလည်းရောက်ဖူး၊ ဦးချဖူး၏
ကမ်းနဖူးက၊ ကြာဖူးလှသို့
လောကနန္ဒာ၊ စေတီမှာတည့်
ဝဲယာဝန်းကျင်၊ မိုးကောင်းကင်နှင့်
မြင်လေရာရာ၊ လွှမ်းစရာတည့်
နန္ဒာအောက်နား၊ မြစ်ကမ်းပါး၌
လာသွားညာကြော်၊ ရွှက်စုံလှေတို့
ရေစပ်မှာ ဆိုက်၊ ကြက်တောင်စိုက်တည့်
လိုက်ထိုက်ဆက်သွယ်၊ ကုန်ဖလှယ်သည်
ရယ်ကြ မောကြ ပျော်လိုက်ကြ။
နန္ဒာလောက တက်ဖူးကြ။
ငါရောက်စဉ်က မျက်မြင်ပါ့။
ငါမြင်ခဲ့ရ ဆိပ်ကမ်းအလှ။
မင်း မြင်သမျှ ပြောစမ်းပါ့။

စိတ်ကူးချိုချို

mgyoe.com

mgyoe.com



နောင်ချစ်ညီခင်၊ ရောက်ခဲ့စဉ်က
မျက်မြင်ပြောရ၊ မထူးလှတည့်
ထက်ကနန္ဒာ၊ အောက်မှာ ဆိပ်ကမ်း
ရွက်လှေတန်း တည့်
ပဲနှမ်း ထန်းလျက်၊ အညာထွက်ကို
ကြေထွက် စပါး၊ ငါးပိ ဆားနှင့်
လဲစား ရောင်းဝယ်၊ ကုန်ဖလှယ်သည်
ရယ်ကြ မောကြ မြင်ခဲ့ရ။
ဘုရားတက်ဖူးကြ မြင်ခဲ့ရ။
အိုဘယ့်အစ်ကို မြင်သလိုပ။

သို့ပါကတဲ
စိတ်ထဲရှင်ကြည်၊ နောင်ကြီးညီ၌
ထူးသည်ဆိုစရာ၊ ရှိခဲ့ပါ၏
ပေါက္ကာ ရာမ
သိကြ ကျော်ကြား၊ မင်းနှစ်ပါး၏
ထောင်လွှား မာန်ဟုန်၊ ရာဇဂုဏ်တည့်
ဂုဏ်ညှိုးစရာ၊ ကြုံကြပါလည်း
ပြည်ရွာစိုးရ၊ မင်း မာနကို
ချတတ်ချိန်မိ၊ သိလိုက်သည်တွင်
ထူးပြီအလှ ညီ့စိတ်က။



mgyoe.com

mgyoe.com



မင်းတစ်ပါးမှာ၊ နော်ရထာတည့်
လက်ာဒီပ၊ သီဟဠမှ
ဆက်သလိုက်သား၊ စွယ်တော်ပွားကို
ပင့်သွား နာဝါ၊ ရေယာဉ်သာသည်
ရောကမ်းခွင်၊ ဆိုက်မည်ပြင်၏
ပြည့်ရှင် စောထီး၊ မင်းမာန်ကြီးနှင့်
ဆင်စီးကာသာ၊ ဆီးကြိုလာသော်
ရေမှာဆင်းသက်၊ ဦးထိပ်ရွက်မှ
ဆက်သနိုင်မည်၊ ဟန့်လိုက်သည်တွင်
ကြည်ကြည်သာသာ၊ နော်ရထာသည်
သဒ္ဒါစိတ်ရင်း၊ ရေသို့ဆင်းသည်
မငြင်းနှိမ့်ချ သူ့မာန။
ဦးထိပ်ရွက်၍ လက်ခံပြ။
နှိမ့်ချမာန၊ ရှုန်းပသဒ္ဒါ
ပွင့်လင်းလာသည်
နန္ဒာလောက ဆိပ်ကမ်းမှ။
ညီမြင်ခဲ့ရ ဆိပ်ကမ်းလှ။



mgyoe.com

mgyoe.com

ထို့နောက် ဒုတိယ
နရပတိ၊ မင်းအလှည့်တည့်
မင်း၏ဆရာ၊ မဟာထေရ
စာရိတ္တနှင့်၊ သီလပြည့်သူ
ပုံသကူတည့်၊ သူမြတ်မိန့်ဟ
ဆုံးမပြတ်သား၊ ဆိုစကားကို
မင်းနား မနာ၊ မင်း ခေါင်းမာ၏
ထိုခါ မထေရ်၊ ပုဂံမြေ၌
မနေလိုပြီ၊ သီဟိုဠ်ဆီသို့
ကြွချီတော့မည်၊ သို့ ကြံစည်၍
စေတီနန္ဒာ၊ ဆိပ်ကမ်းသာသို့
ဆင်းလာ အားပြ မထေရ်က။
သဘော် သီဟဠ စောင့်ရန်ပါ။

စိတ်ကူးချိုချို

mgyoe.com

mgyoe.com



မဟာထေရ၊ အင်အားပြဟု
နရပတိ၊ စောဘုန်းရှိသည်
သိလျှင် သိချင်း၊ သတိကင်း၍
ထန်ပြင်းထိတ်လန့်၊ ကြက်သီးပြန့်၏
မသန့်လိပ်ပြာ၊ တုန်လှုပ်လာ၏
ငါ့ရွာ ငါ့မြေ၊ ငါ့တောခြေနှင့်
ငါနေစံမြန်း၊ ငါ့ရွှေနန်း၌
ဆွမ်းမခံရ၊ ရင့်သီးလှဟု
မာနစကား၊ ဆိုမိမှားဟု
တရားကိုမြင်၊ ဆရာရှင်ကို
ခုပင် ပင့်ချေ၊ မင်းချင်း စေသည်
မထေရ်ပြန်ကြွ မေတ္တာပြ။
နှိမ့်ချမာန၊ အေးမြမေတ္တာ
ပွင့်လင်းလာသည်
နန္ဒာလောက ဆိပ်ကမ်းမှ။
ညီမြင်ခဲ့ရ ဆိပ်ကမ်းလှ။ ။

ရှမဝ၊ ဩဂုတ်လ၊ ၁၉၈၅။



mgyoe.com

mgyoe.com

## ၄။ ရွှေစည်းခုံက ပွဲတော်လ

ညီသစ်ဆင်း
မင်း ပုဂံတွင်၊ ရောက်နေစဉ်ဝယ်
ဆောင်းဝင်ခါစ၊ တန်ဆောင်မုန်းလ တည့်
ကျင်းပစမြဲ၊ ဆောင်တိုင်ပွဲနှင့်
နှဲခွင့်ဆုံကြုံ၊ ရွှေစည်းခုံ၌
အာရုံညွတ်နူး၊ ဘုရားဖူးတို့
လူးလာကူးပြောင်း၊ ညံသောင်းသောင်းတည့်
စောင်းတန်း တစ်ခွင်၊ ရင်ပြင် တစ်သီး
ဝေးနီးရပ်မှ၊ ရောက်လာကြ၏
မြင်ရ ဝမ်းသာ၊ မင်းဆိုလာသည်
ပြောစရာထူးခြား ရှိသလား။

စိတ်ကူးချိုချို

mgyoe.com

mgyoe.com



ရိုးရိုးသာပါ၊ ပြောစရာတည့်
သို့စံါကတဲ၊ ဆောင်တိုင်ပွဲဌ
ထူးကဲသလို၊ ဆန်းသလို တည့်
ကြည်ညို ရည်စူး၊ မိတ်တစ်ဦးနှင့်
လှည့်ဖူးလိုချင်၊ ရင်ပြင်တစ်ပတ်
ပရိသတ်နှင့်၊ ပတ်ခဲ့ပြီး၍
အရှေ့မုခ်ဝ၊ တန်ဆောင်းလှဌ
ခဏအေးလူ၊ အနားယူ၏
ကျောက်ဖြူဖွေးဖွေး၊ ကျောက်မြင်းကလေး၏
ဘေးမှာထိုင်လျက်၊ စေတီဘက်သို့
မျက်နှာမူချင်၊ မော့ဖူးစဉ်ဝယ်
နှမ်းလျင် မြေပဲ၊ တောင်းတစ်တွဲကို
ဆွမ်းပွဲအသွင်၊ ညီချစ်မြင်သည်
စိတ်တွင်ထူးရ ဆန်းသလိုပါ့။
ပစ္စယာပေါ်က မြတ်ဒါန။

ရှေ့ဘက်စောင်းတန်း၊ တက်ဆင်းလမ်းဝယ်
ဆိုင်ခန်းမျိုးစုံ၊ ကုန်မျိုးစုံတည့်
ရောင်းကုန်ဝဝ၊ ဈေးချိုလှ ဟု
ရောင်းကြ ဝယ်ကြ၊ မြင်ခဲ့ရ၏
မုခ်ဝအနီး၊ ရောက်ခါနီးတွင်
ခတ်တီးဗုံသံ၊ ကြားလိုက်ပြန်၏



mgyoe.com

mgyoe.com



လိုက်လံရှာဆဲ၊ လူအုပ်ထဲ၌
ဘွားခနဲပေါ်၊ နတ်ကတော် တည့်
ချော့ချည် မြှောက်ချည်၊ မြူးချည် မူးချည်
နတ်ချင်းသီ၏
'ညနေဆီ၊ ဂူနိကြော့စံကွန်း၊
ကိုကြီးကျော် ဗလီရိုက်တယ်
ဆေးရှိုက်တဲ့ကျွန်း'။
ယပ်ဝန်းကိုင်ကာ၊ မင်းကျော်စွာကို
အသာ အသာ၊ ယပ်ခတ်ပါ၏
မိုးရွာသောလား၊ လူအုပ်ကြားမှ
ပြားစေ့ ပဲစေ့၊ မူးစေ့ ပသ
ကျလာကြသည်
ပြုံးကြ ရယ်ကြ လူအုပ်က။
ဆန်းသည်ထင်ရ သူ့နည်းပါ့။
တန်ဆောင်ပွဲလ ခါသမယ။ ။

ရွှမဝ၊ နိုဝင်ဘာလ၊ ၁၉၈၅။



mgyoe.com

mgyoe.com

## ၅။ သရပါတံခါးမှ ပွဲတင်သံ

ညီသစ်ဆင်း
မင်း ပုဂံမှာ၊ ရောက်စခါက
သရပါ ထင်ရှား၊ မြို့တံခါးဝယ်
သွားလာ ဝင်ထွက်
ယွန်းကွက် ယွန်းအစ်၊ ရွှန်းသစ် ယွန်းဗန်း
ထမ်းလာ ပိုးလာ၊ မြင်လိုက်ပါ၍
သရပါ တံခါးဝ၊ ရှေးကာလကို
ညီလှ လွမ်းမိ၊ အောက်မေ့မိဟု
ညီ၏အဆို၊ ရှင်းစေလိုသည်
အစ်ကိုချမ်းမြေ့ လွမ်းချင်၍။

စိတ်ကူးချိုချို

mgyoe.com

mgyoe.com



အိုဘယ့် အစ်ကို၊ ညီရှင်းလို၏
ထိုကာလကား၊ ကျန်စစ်သားသည်
ခစား မကွာ၊ စောလူး မှာတည့်
ထိုအခါကား၊ ပုန်းစား ပုန်ကန်
ငရမန်သည်၊ ပုဂံကို ချဉ်း
စစ်ခင်းချီလာ၊ 'ပြည်တော်သာ'၌
နားကာ တပ်ချ၊ သောကာလတည့်
ရာမ ပေါက္ကံ၊ ပြည်ပုဂံမှ
ကျန်စစ် ကြီးမှူး၊ ရှေ့တပ်ဦး၌
စောလူးမင်းက၊ နောက် တပ်မ၌
အားပြ ညီညာ၊ စီစဉ်လာ၏
မာယာတတ်ပွန်၊ ငရမန်သည်
ကျန်စစ်ကို ရှောင်၊ ဆင်ရုပ်ထောင်၍
လရောင်ဝိုးဝါး၊ မင်းကိုမျှားသော်
အဝါး မဝ၊ ရာဇမာန် ရှလျက်
ဒေါသ ဟူးဟူး၊ မင်းစောလူးသည်
ပွဲဦး ရချင်၊ ရန် မမြင်ခဲ့
မဝင်သင့်ဘဲ၊ ပွဲဝင်လွဲ၍
မရဲသင့်ဘဲ၊ အတင့်ရဲ၍
ပွဲဦးမရ၊ အဖမ်းခံရသည်
တပ်မ ပျက်ပြား ကစဉ့်ကလျား။



mgyoe.com

mgyoe.com



ကစဥ့်ကလျား၊ ပျက်ပြားခဲ့ရ
ယမန်ညက၊ တပ်မ တပ်ဦး
ကမူးရှူးထိုး၊ နွားသိုးကြိုးပြတ်
ဆင်တပ် မြင်းတပ်၊ ခြေသည်တပ်တို့
စည်းလွတ် ကမ်းပျက်၊ အဆုတ်သွက်ခဲ့
နံနက်မိုးသောက်၊ ပုဂံရောက်သော်
မင်းမြောက်တန်ဆာ၊ မင်းဖွယ်ရာကို
မြို့မှာစောင့်ထား၊ အမတ်များက
လေးစား ပျူငှာ၊ သရပါသို့
ဆောင်လာ ချက်ချင်း၊ အပ်နှင်းလျှောက်တင်
ထီးလှိုင်ရှင်
ပြည်ခွင် တိုင်းရပ်၊ မင်း မပြတ်မှ
ငြိမ်ဝပ် သောင်းကျန်း၊ ပြည်အေးချမ်းအံ့
ထီးနန်းသိမ်းယူ၊ စိုးတော်မူဟု
ထီးဖြူနှင်းဆက် ပြည်ကျိုးတွက်။



mgyoe.com

mgyoe.com

ကျန်စစ်သားမင်း၊ မြင်းမှ ဆင်း၍
နှင်းဆက်ထီးဖြူ၊ ခံယူမည်ထား
လက်ကာ တား၏
မတ်များ သခင်၊ ငါ့အရှင်သည်
ကယ်ပင် ရှိမရှိ
အတပ်သိအောင်၊ ငါလှည့်စုံစမ်း
ကြိုးပမ်းဦးမည်၊ ရှာဦးမည်တည့်
ရှိသည် သိလျှင်၊ ငါ့အရှင်ကို
နန်းတင်ရမည်၊ ဦးညွတ်မည်ဟု
ဤသို့မိန့်ကြား၊ ကျန်စစ်သား၏
စကားသစ္စာ၊ သရုပါဒ္ဒ
ညင်သာပဲ့တင်၊ ခတ်ခဲ့ထင်၏
ညီခင်စိတ်မှာ၊ ကြားခဲ့ပါသည်
လွမ်းစရာပါ့ တံခါး၀။
အစ်ကိုသတိရ လွမ်းကြည့်က။ ။

ရွှမ၀၊ ဇန်န၀ါရီလ၊ ၁၉၈၄။

စိတ်ကူးချိုချို

mgyoe.com

mgyoe.com

## ၆။ လက်ရုံးအားနှင့် နှလုံးအား

ညီသစ်ဆင်း
မင်း အခေါက်ခေါက်၊ ပုဂံရောက်ဟု
ရောက်တိုင်း ရင်ခုန်၊ ရွှေစည်းခုံဝယ်
လက်စုံယှက်ဖူး၊ မင်း ကြည်နူး၍
ဖူးလေ့ဦးညွှတ်
မလွတ်စေရ၊ ရောက်တိုင်းပဲ့ဟု
တက်ကြွဝမ်းသာ၊ မင်း ဆိုလာသည်
ဘာကြောင့် မလွတ်ချင် စည်းခုံတွင်။

အစ်ကိုဝေဖန်၊ ညီချေရန်ကား
ပုဂံပြည်ကြီး၊ ဘုန်းမီး နေလ
တောက်ပ ဝင်းပြောင်
လက်ရုံးဆောင်၍၊ ထူထောင်သူမှာ
နော်ရထာတည့်

စိတ်ကူးချိုချို

mgyoe.com

mgyoe.com



နော်ရထာဘုန်း၊ သူ့လက်ရုံးသည်
တက်တုန်း မြင့်တုန်း၊ ထက်မြက်တုန်းက
ကုန်းမြင့်ကမ်းပါး၊ တည်ခဲ့ထားဟု
အများဆိုကြ၊ သိလာကြသည့်
ပွင့်လှပဒုံ၊ ရွှေစည်းခုံတည့်
စည်းခုံပစ္စယာ၊ ဖူးမြော်လာလျှင်
လာသူတိုင်းမှာ၊ ထိုအခါက
အံ့အာသရဲ၊ သူ့စိတ်ထဲ၌
မလွဲဧကန်၊ ရင်ခုန်သံနှင့်
ပုဂံတစ်လွှား၊ လက်ရုံးအားကို
ခံစားအသိ၊ ပေါ်နိုင်၏ဟု
တွေးမိ ညီမှာ ဖြစ်သောကြောင့်။

ငါ့ညီတွေး၊ မင့်အတွေးသည်
လေးစားစရာ၊ ဖြစ်သင့်ပါလည်း
နော်ရထာဖန်၊ ပြည်ပုဂံဝယ်
ဆက်ခံသားဦး၊ စောလူးလက်ထက်
ငရမန်ဖျက်၍
အားပျက်ခဲ့သည် မဟုတ်လော။

ပုဂံပြည်သား လူအများလည်း
မယားတကွဲ၊ သား တကွဲနှင့်
ပြည်ထဲထက်အောက်၊ သားရဲနှောက်သို့



mgyoe.com

mgyoe.com



ပြေးပေါက်ရာရ၊ ပင်ပန်းကြ၍
ဒုက္ခရောက်သည် မဟုတ်လော။

ဤတွင်စစ်တွင်း၊ အားချင်းအပြိုင်
ထိုးလှိုင်ရှာစား၊ ကျန်စစ်သားသည်
ပုန်စားပုန်ကန်၊ ငရမန်ကို
အားအန် လက်ရုံး၊ သူ ကျင့်သုံး၍
ချေမှုန်းပြီးခါ၊ မင်းဖြစ်လာသော်
ကရုဏာပွား၊ နှလုံးအားဖြင့်
ပျက်ပြား ရှာပြည်၊ ပြန်၍ စည်အောင်
ပြန်လည်ထူထောင်၊ သူ ဦးဆောင်သည်
နောင်လာနောက်သား ကျိုးစီးပွား။

မင်း ကျန်စစ်သား
သဒ္ဓါပွားလျက်၊ သူ့လက်ထက်၌
ဆက်လက်တည်ဆောက်၊ ပြောင်မြောက်ပြီးစီး
ရောင်ညီးရွှေပုံ၊ မြတ်စည်းခုံနှင့်
သထုံ ခေတ္တရာ၊ သရပါ စသား
ကျောက်စာများမှ၊ နှလုံးလှသည်
ထောက်ဆ ဆင်ခြင်၊ ငါ့အမြင်တည့်
နတ်ရှင်စိတ်ထား မင်းရှုပွား။



mgyoe.com

mgyoe.com



ရှုပွားစရာ၊ သူ့မူရာကား
ကျန်စစ်သားသည်
ကျားကုတ် ကျားခဲ၊ စစ်ပွဲတုန်းက
ထိုးကြ ခုတ်ကြ၊ သတ်ကြ ပစ်ခတ်
တစ်ရပ်တစ်ကျေး၊ အသက်ဘေးကြောင့်
စစ်ပြေးဖြစ်သူ၊ ဝေးရောက်သူကို
ကူညီလိုက်ခေါ်၊ နေပြည်တော်၌
ပျော်ကြပါစေ၊ ဆုံကြစေဟု
မိန့်ခြွေသည်ပဲ့ နှလုံးလှ။

စီးကျမျက်ရည်၊ သုတ်ပေးမည်ဟု
ဆန် ဆီ စားစရာ၊ တော်လက်ယာဖြင့်
ဝတ်စရာ ချည်ရက်၊ တော်ဝဲလက်ဖြင့်
ရက်ရောသာကြည်၊ ပေးကမ်းမည်ဟု
မြေနီမြေကောင်း၊ အိုးစလောင်းတို့
လည်ရောင်း ရွက်သယ်၊ ပင်ပန်းဖွယ် တည့်
အရွယ် ယွင်းယိုု၊ အမယ်အိုသည်
အလိုပြည့်ကြောင်း
ရောင်းကောင်းပါစေ၊ ရပါစေဟု
မိန့်ခြွေသည်ပဲ့ နှလုံးလှ။



mgyoe.com

mgyoe.com

ဘိသိက်ခမ်းနား၊ မင်းအပါးဝယ်
ကျောသားရင်သား၊ မခွဲခြားဘဲ
တစ်သားတည်းသာ၊ ပေါင်းမိလာအောင်
မြန်မာ မွန် ပျူ၊ ခွင့်ရေးတူအောင်
လူမျိုးမရွေး၊ နေရာပေးသည်
ပြည်ရေးစံပြ နှလုံးလှ။

မင်းကျန်စစ်သား
လက်ရုံးအားနှင့်၊ နှလုံးအားတို့
နှစ်ပါးစုံတင့်၊ စည်းခုံမြင့်ဟု
သိသင့်ပါ၏၊ ထိုအသိကြောင့်
ညီရင်ခုန်သံ၊ ပို၍ထန်သည်
ပုဂံခေတ်အစ စိတ်မျိုးပါ့။
မလွတ်စေရ ရောက်တိုင်းပါ့။ ။

ရှမ၀၊ ဖေဖော်ဝါရီလ၊ ၁၉၈၄။

စိတ်ကူးချိုချို

mgyoe.com

mgyoe.com

## ၇။ ကျွန်စစ်သား၏နှလုံးလှ

ညီသစ်ဆင်း
မင်းလည်း အသိ၊ ပျူလည်း ရှိ၍
သီရိခေတ္တရာ၊ ပြည်မှ လာ၍
ပေါက္ကာရာမ၊ အခြေချ၍
ကာယဉာဏ၊ ဗလစွယ်စုံ
ကုံလုံသည်သာ၊ မွန် မြန်မာနှင့်
သမာဆန္ဒ၊ ဆက်ဆံကြ၍
စစ ဖော်ရွေ၊ အဆင်ပြေ၍
မျှဝေရိုင်းပင်း၊ နှလုံးသွင်းကို
မင်း ကျွန်စစ်သား၊ အလေးထားလျက်
အားပေးမည်ပင်၊ အစ်ကိုထင်သည်
ညီခင် မည်သို့ ဆိုမည်နည်း။

စိတ်ကူးချိုချို

mgyoe.com

mgyoe.com



ဟုတ်ကဲ့ အစ်ကို
ဆိုကြ ပြောကြ၊ ကြားရသည်မှာ
စည်းခံ့သာမှ
မြန်မာ မွန် ပျူ၊ များပြည်သူတို့
ကြည်ဖြူချင်းချင်း၊ မာန်စောင်ကင်းအောင်
သတင်းကြေညာ၊ ဖြန့်ခဲ့ရာဝယ်
ဗျာဒိတ်တော် ထား၊ မြတ်ဘုရား၏
စကားချိုမြ၊ နာကုန်ကြလော့
ဘဝ ယခင်၊ ထီးလှိုင်ရှင်သည်
သခင် ပိသနိုး၊ ကျော်ဟိုးစင်စစ်
ဝင်စားဖြစ်ဟု
ခေတ္တရာ သရေ၊ အောက် အကြေဝယ်
တေဇာ ဖြိုးမောက်၊ ရွှေနန်းဆောက်ဟု
ထိုနောက် အညာဆီ၊ ပုဂံပြည်၌
စည်ထီးစိုက်ထူ၊ သူ မင်းမှု၍
ပြည်သူအများ၊ ရင်ဝယ်သားသို့
တရားနှလုံး၊ သူ ကျင့်သုံးအံ့
ပြည်လုံးကြေညာ၊ ဖြန့်ခဲ့ပါသည်
ဗျာဒိတ်တော်ရ မင်းကြီးပါ့။
ကိုယ့်မင်း ကိုယ့်ဘ ဘဝင်ကျ။



mgyoe.com

mgyoe.com



ထိုနောက် အစ်ကို
ဆိုရန်ရှိသေး၊ ကျန်ပါသေး၏
ရှိုင်းရေးပြည်ရေး၊ ဆွေးနွေးစရာ
ပုဂံမှာ တည့်၊ ပဋ္ဌာပါသာဒ
ရာဇဌာနီ၊ နန်းသစ်တည်၏
နန်းတည်ဆောက်ရန်၊ အစီအမံ၌
အရဟံကိုယ်တိုင်၊ ခရုသင်းကိုင်၏
ကိုင်၍တွတ်တွတ်၊ ပရိတ်ရွတ်၏
အထွတ်အမြတ်၊ ပိသုနိုးနတ်ကို
ရှိညွှတ်ကြသူ၊ ယုံကြည်သူတို့
ပူဇော် သက္ကာ၊ ပင့်ကြပါ၏
နာဂ နဂါး၊ ကိုးစားသူလည်း
ချီးကျူးပသ၊ နဂါး က သည်
များလှ လူထု ကျေနပ်မှု။
ကြည်ဖြူ ခွင့်ပြု စည်းလုံးမှု။
ကျန်စစ် မြတ်နိုး ပြည်ကျိုးရှု။



mgyoe.com

mgyoe.com

ဘိသိက်ခံရာ၊ ခမ်းနားမှာလည်း
မဟာမေ့ရာဇ်၊ ကျန်စစ်မင်းတရား
သူ့စိတ်ထား၌
ကျောသားရင်သား၊ မခွဲခြားဘဲ
အားလုံးပါရေး၊ ပါခွင့်ပေးသော်
လေးစားချစ်ခင်၊ သံပျင် ကလန်
ပျူ မွန် မြန်မာ၊ မတ်စုံစွာတည့်
သစ္စာခံကြ၊ ဝမ်းမြောက်ကြ၏
မြန်မာ့ ဂီတ၊ မြန်မာ က လည်း
ပျူများ ဂီတ၊ ပျူတို့ က လည်း
မွန်များ ဂီတ၊ မွန်တို့ က လည်း
တီးကြ မှုတ်ကြ၊ ဂုဏ်ယူကြ၏
အစကောင်း၍၊ အနှောင်းသေချာ
ဖြစ်ခဲ့ပါသည်
မေတ္တာ အလင်းပြ မင်းကြီးက။
မျှမျှတတ နှလုံးလှ။
စည်းလုံးလာကြ အရိမဒ္ဒန။ ။

ရွှေမဝ၊ ဧပြီလ၊ ၁၉၈၅။

စိတ်ကူးချိုချို

mgyoe.com

mgyoe.com

# ဂ။ ကျွန်စစ်သား၏ ပုပ္ပားကာတိ

ညီသစ်ဆင်း
မင်းငယ် စောလူး၊ မင်းအန်ရှူးနှင့်
ပူးကပ် အန်ကစား၊ ကြေ တစ်လွှားက
ခစား ဆင်ကြဲ၊ ငရမန်သည်
အန် တစ်ပွဲရ၊ နိုင်ရုံမျှဖြင့်
ခုန်ထ မတ်ရပ်၊ လက်ခမောင်းခတ်၏
မနပ် မနူး၊ မင်း စောလူးသည်
ရှူးရှူးရှားရှား၊ ရန်စကားတည့်
လူပါးငရမန်၊ ဗိုလ်ဝင် ခံ၍
ပုန်ကန်ချက်ချင်း၊ ၁စ်အင်ကျင်းသော်
စစ်တွင်း ဤတွင်၊ ထီးလှိုင်ရှင်သည်
ပွဲဝင် ချေမှုန်း၊ ရန်သူရှုံးသည်
လက်ရုံးသုံး၏ အားလုံးသိ။

စိတ်ကူးချိုချို

mgyoe.com

mgyoe.com



သို့ပါသော်ငြား၊ မင့်စကား၌
ရုံးအားကိုချန်၊ နှလုံးသားမံ၍
ကျန်စစ်မေတ္တာ၊ ကရုဏာဖြင့်
မြန်မာ တစ်သင်း၊ မွန် တစ်သင်းတို့
ချင်းချင်း ဖော်ရွေ၊ ညာ အကြေဝယ်
ဆင်ပြေ နောင်ရေး၊ ဦးစားပေးဟု
ညီထွေးဝမ်းသာ၊ မင်း ဆိုလာသည်
ရှင်း စရာရှိ ရှင်းပါဘိ။

ဟုတ်ကဲ့ အစ်ကို၊ ညီ ရှင်းလို၏
ထိုမှ ဤမှ၊ ညီ ကြားရ၏
ကာလပျက်မှာ၊ မြင်းကပါ၌
မနူဟာ မြေး၊ ရှိနေသေး၏
ထိုမြေး သည်းချာ၊ အသဝတ်ဓမ္မာသည်
တက်လာ ပုန်ကန်၊ ငရမန်ကြောင့်
ပုဂံတစ်ဝိုက်၊ မင်း မဲ့ခိုက်တွင်
နောက်လိုက် ရွက်ပုန်း၊ သူစည်းရုံး၏
သူ့ဘုန်းသူ့ကံ၊ စမ်းလိုဟန်ဖြင့်
အကြံ ကြီးမား၊ တောင် ပုပ္ပား၌
ထောင်ထားမည်ကြုံး၊ ရွှေထီးမိုး၍
ဘိုးတော်မနူဟာ၊ မြင်လှည့်ပါဟု
ဓမ္မာ မြေးက တ မည်ပဲ့။



mgyoe.com

mgyoe.com



ပုန်စား ပုန်ကန်၊ ဧရမန်သည်
ပုဂံမှာ ကျ၊ ဆုံးကာလဝယ်
ရန်စ ခြားနား၊ တောင်ပုပ္ပားဌ
ကြီးထွား ဖန်လာ၊ အသဝတ်ခမ္မာ တည့်
ထိုခါ ကျန်စစ်သား
အမျက်ထား၍၊ အားသစ် အင်သစ်
အာဏာသစ်ဖြင့်
တစ်ချုန်း မိုးကြိုး၊ စစ်ထိုး လိုက်က
မြို့ပြ တစ်ခွင်၊ ကပ်ဆိုး ဝင်အံ့
သားစဉ် မြေးဆက်၊ မီးကူးစက်အံ့
အဖျက်မလို၊ ရန်မလိုမှ
ရန်ပြိုနိုင်၏၊ သူ တွေးမိ၍
ရန်ရှိရာသို့
တမန် ပို့လျက်၊ နှစ်လို့ ကြည်သာ
မေတ္တာစကား၊ ·ပဝဏ်ပါးသည်
ပုပ္ပားကတိ ပေးလိုက်၏။
ကျန်စစ်သား၏ နောင်ရေးအသိ။

မေတ္တာစကား၊ ပုပ္ပားကတိ
မှန်း ကြည့်သည်မှာ
အသဝတ်ခမ္မာငယ်၊ လာလော့ငါ့ထံ
ရန် မပြုလို၊ ငါ ကြိုဆိုအံ့
မင်း ပျိုကို ငါ၊ ခမည်း ခမက်အရာဌ



mgyoe.com

mgyoe.com

လျှာထားသည်ပဲ့၊ မောင် စိတ်ချလော့
သားလှမောင့်မှာ၊ နာဂသမန်း
မြင်းကပါ ပန်းကို
ငဲ့ နန်းမှာကြီး၊ ရှုမငြီးသည့်
သမီး ရွှေအိမ်သည်၊ လှနှင်းဆီနှင့်
ချိန်မီ သတ်မှတ်၊ ရက်မြတ် မင်္ဂလာ
ရသည့်ခါတွင်
ရစ်ကာ စုလျား၊ ပေး ထိမ်းမြားမည်
နှစ်ပါးစုံမှ တို့ မြေးလှ။
အချိန်တန်က နန်းစံပဲ့။

ညီ ကြားသည်မှ၊ တွေးစ ရ၍
ညီလှ ဝမ်းသာ၊ ဆိုခြင်း ပါတည့်
မွန်–မာ မင်းအစ လောင်းစည်သူက။
ပေါက္ကာရာမ အတွေ့အကြုံပဲ့။
သထုံရန်စ စဲခဲ့ရ။ ။

ရှမ၀၊ မတ်လ၊ ၁၉၈၅။

စိတ်ကူးချိုချို

mgyoe.com

mgyoe.com

## ၉။ အာနန္ဒာမှ ပြောစရာ အလှ

ညီသစ်ဆင်း
ကြော့ရှင်း အာနန္ဒာ၊ ဗိသုကာကို
ဆရာသမား၊ ခပ်များများမှ
ကြားရတန်တန်၊ အဖန်ဖန်တည့်
ပြန်ပြောချင်ပါ၊ မင်း ဆိုလာက
မျက်နှာ လေးဘက်၊ မုခ်ထွက်လေးရပ်
ဂူနှင့် စပ်လျက်၊ မဏ္ဍပ် သဖွယ်
တင့်တယ်လှသည်၊ မြင်ဖူးပြီတည့်
ငါ့ညီ ခြွင်းပါ့ ဗိသုကာအလှ။

ထိုနောက် တစ်ဖန်
ပြန်ပြောစရာ၊ ရှိပါသေးက
ဂူမအထက်၊ အပေါ်ဘက်၌



mgyoe.com

mgyoe.com



အတက်ပြေချော၊ အမိုးလျှောသည်
အမောပြေစရာ၊ ညင်သာပါ၏
ပစ္စယာခုနှ်ပျံ၊ သုံးဆင့်ခံတွင်
အရုံခြသေ့်၊ ထောင့်တိုင်းစေ့တည့်
သိမ်မွေ့လယ်ကောင်၊ ကွမ်းတောင်သိခရ
ကြွတက် မိုးကြို၊ မြင်းမိုရ် သဖွယ်
တင့်တယ်လှသည်၊ မြင်ဖူးပြီ တည့်
ငါ့ညီ ခြွင်းပဲ့ ဗိသုကာအလှ။

ထိုနောက်တစ်ဖန်
ပြန်ပြောစရာ၊ ရှိပါသေးက
ဂူမ ပင်ရင်း
ဂူတွင်း အထိုင်၊ မဏ္ဍိုင်တည်ရာ
လေးမျက်နှာဝယ်၊ တန်ဆာ ဆင်ယင်
ပလ္လင်အောက်ခုံ၊ ကြာပဒုံ၌
သံ–ဂုံ–ပ–မ၊ ဗုဒ္ဓလေးဆူ
ရုပ်တော်မူတို့၊ ဂူမှာ မိုးကဲ
ဖူးမရဲတည့်၊ ဝဲယာပတ်ဝန်း
လိုဏ်လမ်း စင်္ကြံ၊ နှစ်ထပ်ရံ၏
နံရံလေးဘက်၊ ခါးထက်မြင့်လောက်
ချိုင့်ပေါက်တိုင်းတွင်၊ အံကျဝင်သား
ဖြစ်စဉ်ဆက်စပ်၊ သိဒ္ဒတ်လောင်းတော်
ထုပွတ် ဖော်၏



mgyoe.com

mgyoe.com



ပုံတော် ကြော့ကြော့၊ တမော့ နုရင့်
တင့်တယ် လှသည်၊ မြင်ဖူးပြီ တည့်
ငါ့ညီ ခြွင်းပါ့ နုပညာ အလှ။

အိုဘယ့် အစ်ကို
ထို့ကြောင့် ခြွင်းစရာ၊ ချန်ခဲ့ပါအံ့
ညီမှာ စိတ်တွေ့
ကျန်သရွေ့သာ၊ ပြန်ပြောပါမည်
မဟာနန္ဒာ၊ ရောက်ခါ ပထမ
အဝေးမှပင်၊ မြင်လျှင် မြင်ချင်း
အမြင်ရှင်း၍၊ စိတ်တွင်းရွှင်လန်း
ဝမ်းမြောက်ဝမ်းသာ၊ ဖြစ်ခဲ့ပါ၏
နန္ဒာဂူလိုဏ်၊ မဏ္ဍိုင်အထိ
ဝင်၍ ကြည့်ရာ၊ ညီ၏စိတ်သည်
ရပ်တည်ရာရ၊ တည်ငြိမ်လှ၏
လိုဏ်မှ မထွက်၊ တည်ငြိမ် လျက်ပင်
စိတ်ကြည်လင်၏၊ လိုဏ်တွင် စကြဲ
အာရုံ ခံရင်း၊ လှည့်ပတ်ရင်း တည့်
လင်းလည်း မပြောင်၊ မှောင်လည်း မမှိန်
မှိန့် တမှိန်၌
တည်ငြိမ် ချမ်းသာ၊ ခဏတာ တည့်
အာနန္ဒာမှ ပြောစရာအလှ။

— ရှမဝ၊ ဒီဇင်ဘာလ၊ ၁၉၀၅။



mgyoe.com

mgyoe.com

# ၁၀။ အပယ်ရတနာဘုရားမှာ လွှမ်းစရာ

ညီသစ်ဆင်း
မင်းရောက် မြင်းကပါ၊ အပယ်ရတနာကို
သဒ္ဓါ ကြည်ညို၊ ဖူးခဲ့ ဆို၏
ထိုရပ် စကား၊ ကျန်စစ်သား၏
မိဖုရားမှာ၊ အပယ်ရတနာ ဟု
နာမဘွဲ့တူ၊ အပယ်ရတနာ ဟူ၍
ဂုတည်လာရ၊ ကြောင်းစွန်းစကို
ပြောကြအစဉ်၊ ပြန်ပြောချင်ဟု
ကြင်နာစရာ၊ လွမ်းစရာဟု
ဆိုလာ မင်းက၊ မင်း ရှင်းပြမှ
ငါ့မှာ သိရ လွမ်းချင်လှ။

အစ်ကို လွမ်းစရာ၊ ဆိုချင်ပါ၏
ကြားလာသမျှ၊ ရှင်းပြလိုလား

စိတ်ကူးချိုချို

mgyoe.com

mgyoe.com



ညီအကြားတွင်
မင်းသား ကျန်စစ်၊ စောလူးခေတ်၌
မင်းသစ်မြှောက်စား၊ မြို့ရွာစား တည့်
ထင်မှားခံရ၊ ကုန်းချောကြ၍
ခေလှ သူ့ကံ၊ စောလူး မာန်ကြောင့်
ခြွေရံ စည်းစိမ်၊ အိုးအိမ် စွန့်ရ
ပုန်းရှောင်ရသည်
ခေတ္တ ခိုကပ် မြင်းကပါ ရပ်။

ထိုခါ စွန့်စား၊ တစ်ရက်ခြားတွင်
သက်ထားကြင်ရာ၊ ပယ်ရတနာသည်
လိုက်လာရပ်ဖျောက်၊ မြင်းကပါရောက်၏
အထောက်မတန်
ကျန်စစ်မင်းသား၊ မြင်းကျောင်းသမားသို့
ရွာသားဟန်ပြ၊ ယောင်ဆောင်ရ၏
ပိယ ရတနာ၊ ထမင်းဟင်းလျာကို
ပို့လာလေဟန်၊ သူကြံဖန်သော်
မောင်နှံတွေ့ကြ ရှင်အားရ။
ခမျာ ဆံမြိတ်ချ တစ်မျိုးလှ။
ခေါင်းချင်းဆိုင်ကြ တီးတိုးကြ။
အောက်ပြည်ဒလ ဆင်းရန်ပ။
လောကနန္ဒ ဆိပ်ကမ်းမှ။



mgyoe.com

mgyoe.com



မင်းသားကျန်စစ်၊ မင်းကြီးဖြစ်သော်
ယယ်ချစ်ကြင်ရာ၊ အပယ်ရတနာကို
တောင်ညာတင်ထား၊ မိဖုရားတည့်
ခမ်းနားကြီးစွာ၊ များဗိုလ်ပါနှင့်
အခါတစ်ပါး၊ ယာဉ်ရထား၌
နှစ်ပါးတူယှဉ်၊ ခြေတော်တင်၍
တောင်ပြင်ထွက်ချို၊ မြင်းကပါဆီ တည့်
ဤတွင်ရပ်နား၊ မိဖုရားနှင့်
ရထားမှ သက်၊ လှမ်းမျှော်လျက်ပင်
ရွှေလက်ဆွဲကာ၊ ရွှင်မျက်နှာနှင့်
နေရာဟောင်းဆီ၊ ရောက်ကြပြီတည့်
ပတ်လည်ရှားစောင်း၊ အကာကောင်းနှင့်
ထနောင်းခြေရင်း၊ မြင်းကျောင်းကွင်းသို့
ထမင်းပို့လာ၊ ဆုံခဲ့ရာတည့်
သေချာသောအခါ၊ ထိုနေရာ၌
ပယ်ရတနာ မည်သား၊ ဂူဘုရားကို
တည်ထားစေလို၊ ကျွတ်ဆု ဆိုဟု
ခွန်းချိုမွေးကြူ၊ မိန့်တော်မူသည်
အေးတူပူမျှ အတိတ်က။
ဖူးလာတိုင်းပါ့ သတိရ။
လွမ်းစရာပါ့ သူတို့ဘဝ။ ။

ရှမ၀၊ ဧပြီလ၊ ၁၉၈၄။



mgyoe.com

mgyoe.com

## ၁၁။ အပယ်ရတနာဘုရားမှာ အဲ့စရာ

ညီသစ်ဆင်း
မင်းက ထပ်မံ၊ ဆိုလာပြန်၏
မောင်နှံ့ နှစ်ပါး၊ ကျန်စစ်သားနှင့်
သက်ထားငယ်ကြင်၊ ရတနာခင်တို့
ယခင်အခါ၊ ဆုံဖူးရာ၌
စေတနာ ရှင်ကြည်၊ နှစ်ပါးညီ၍
တည်ခဲ့သားနား၊ ပယ်ရတနာဘုရားတည့်
ဘုရားဂူတွင်း၊ စကြံနံရံ
ပန်းချီပုံတို့၊ ဖန်တီးရာချီ
ခြယ်ခဲ့သည် တည့်
ညီသဒ္ဒါပွား၊ ဖြစ်ခဲ့ပြေးလည်း

စိတ်ကူးချိုချို

mgyoe.com

mgyoe.com



သို့သော် အစ်ကို၊ ညီထပ်ဆိုအံ့
ထိုခေတ်ပုဂံ၊ ရှင်အရဟံနှင့်
ဘုန်းကံကြီးမား၊ ကျန်စစ်သား၏
ဘုရားအာနန္ဒာ၊ ဂူမဟာ၌
ဝဲယာလေးဘက်၊ လက်ခြောက်ဖက်ကို
အောက်ထက် တွင်းပြင်၊ ညီမမြင်ခဲ့
ဤတွင်ရတနာ၊ တောင်ညာတင်ထား
ဘုရားတည်ဖက်၊ လှူဒါန်းဖက် တည့်
သက်နှင်းကြင်ဖော်၊ ဂူတော်မှာမှ
မြင်ခဲ့ရသည်
ဘာကြောင့်ဖြစ်ရ တွေးမရ။

ငါ့ညီတွေးငဲ့
တွေးမရလျှင်၊ စိတ်ကူးယဉ်၍
မြင်ကြည့်စမ်းပါ
အပယ်ရတနာသည်၊ သစ္စာ မေတ္တာ
သက်ပါအပ်နှင်း၊ ကျန်စစ်မင်း၏
တက်ဆင်းဘဝ၊ သတိရ၍
ကာလနာဂတ်၊ ရှင်မင်းမြတ်၌
ကြုံတတ်ဘေးရန်၊ စိုးရိမ်ဟန်ဖြင့်
ပန်ချီရေးကွက်၊ လက်လေးဖက်နှင့်



mgyoe.com

mgyoe.com

၁၁

ခြောက်ဖက် သင့်တန်၊ ဂူနံရံမှာ
ပါလေရုံမျှ၊ စွက်ပုံရ၏
မင်းက မကြည်၊ ဘောမညီ ဟု
မိန့်မည် ချိုသာ၊ သေချာပါ၏
သို့ပါကတဲ၊ စိုးရိမ်ကဲသည့်
အစွဲမကွာ၊ မယ့်စိတ်မှာ တည့်
ရတနာမည်သော၊ အသားညိုချောကို
ပြောဟောမရ၊ ဆို မရ၍
ဟင်းချ ဆေးလေး၊ မယ် စိတ်အေးအောင်
အခွင့်ပေးထားလား မသိ။
သင့်တင့်နှလုံး သုံးဟန်ရှိ။
ကျန်စစ်မင်းကြီး သူ့ သတိ။
အံ့စရာရှိ ထိုသတိ။ ။

ရှမဝ၊ မေလ၊ ၁၉၈၄။

mgyoe.com